Center for Vocational Training

အသက်မွေးမှုအတတ်ပညာသင်တန်းကျောင်း

# CVT Newsletter



## Content


အမှုဆောင်အရာရှိချုပ်၏ နှစ်တစ်နှစ်တာ ပြန်လည်သုံးသပ်ချက်နှင့် ကျေးဇူးတင်လွှာ 2

**အရည်အသွေးဆိုင်ရာအာမခံချက်**

- ❖ ဆွစ်ဇာလန်ထောက်ပံ့ရေး အဖွဲ့အစည်းမှ ဘုတ်အဖွဲ့ဝင် Mrs. Marianne Schneider ၏ အရည်အသွေး ဆိုင်ရာခရီးစဉ် 3
- ❖ CVT ရုံးခန်း၊ စာသင်ခန်း နှင့် လက်တွေ့လေ့ကျင့်ရေး သင်တန်းခန်းမသစ် ဖွင့်လှစ်ခြင်း 3
- ❖ လျှပ်စစ်ကျွမ်းကျင်မှုအတတ်ပညာသင်တန်းသားများ အမျိုးသားကျွမ်းကျင်မှု စံသတ်မှတ်ရေး အဆင့်-၁ စာမေးပွဲ ဖြေဆိုအောင်မြင်ခြင်း 4
- ❖ CVT သင်တန်းသားဟောင်းများ နှစ်ပတ်လည် လုပ်ငန်းသုံးသပ်ချက်နှင့် စီမံချက် ရေးဆွဲခြင်း အစည်းအဝေး 4
- ❖ CVT ဘုတ်အဖွဲ့ နှစ်ပတ်လည် လုပ်ငန်းသုံးသပ်ချက်နှင့် စီမံချက်ရေးဆွဲခြင်း အစည်းအဝေး 5

**CVT အသိုက်အဝန်း အားကောင်းစေခြင်း**

- ❖ ASEAN Chambers Human Resources Working Group (HRWG) အဖွဲ့မှ CVT သို့ လာရောက်လေ့လာခြင်း 5
- ❖ Rotary Club Yangon ဥက္ကဋ္ဌ နှင့် Zanaka Education Foundation မှ အထွေထွေအတွင်းရေးမှူးချုပ် တို့ CVTသို့ လာရောက်လေ့လာခြင်း 6
- ❖ CVT နှင့် Malaysia-Myanmar Business Chamber (MMBC) နားလည်မှု စာချွန်လွှာလက်မှတ်ရေး ထိုးခြင်း 6
- ❖ CVT နှင့် AMARA Consulting၊ MyWorld Careers Myanmar တို့ နားလည်မှု စာချွန်လွှာလက်မှတ် ရေးထိုးခြင်း 7
- ❖ HEINEKEN Myanmar နှင့် CVT တို့၏ "Build Your Skills, Shape Your Future" CSR အစီအစဉ်သစ် စတင်ခြင်း 7
- ❖ CVT Myanmar စတင်တည်ထောင်သူ Mr. Max O-Wey နှင့် ဥက္ကဋ္ဌ ဖြစ်သူ Mr. Heini Portmann တို့၏ အောက်မေ့ဖွယ်အခမ်းအနား ကျင်းပခြင်း 8

**သင်တန်းများနှင့် လူမှုရေးလှုပ်ရှားမှုများ**

(က) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍သက်မွေးသင်တန်းများ ဖွင့်လှစ်ခြင်း

- ❖ ကမ္ဘာ့ကုလသမဂ္ဂ ဖွံ့ဖြိုးရေး အစီအစဉ် (UNDP) 8
- ❖ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) 9
- ❖ Finnish Refugee Council (FRC) 9
- ❖ APC Intertrade Co. Ltd (APC) 9
- ❖ Global Infrastructure Engineering Co.,Ltd (GIE) 9
- ❖ Foodpanda Myanmar 10
- ❖ HEINEKEN Myanmar 10

(ခ) သင်တန်းဆင်းလက်မှတ်ချီးမြှင့်ပွဲများနှင့် အလုပ်အကိုင်ချိတ်ဆက်ပွဲများ ပြုလုပ်ကျင်းပခြင်း 11

(ဂ) Earthquake Efforts မြေငလျင်နောက်ဆက်တွဲ ပြန်လည်ထူထောင်ရေး စီမံကိန်း 12

- ❖ အိမ်ခြေ (၁၁၀) အတွက်အရေးပေါ် အခြေခံအသုံးအဆောင်များအား ဒေသခံများနှင့် ပူးပေါင်း၍လှူဒါန်းခြင်း 12
- ❖ Hangzhou Technician Institute နှင့် ပူးပေါင်းဖွင့်လှစ်သော မြေငလျင်နောက်ဆက်တွဲပြန်လည် ထူထောင်ရေးသင်တန်း 12
- ❖ Earthquake Resettlement Project- -မြေငလျင်ဘေးသင့်သူများအား ပြန်လည်ထူထောင်ရေး စီမံကိန်း 12

**သင်တန်းသားအသံ /လေ့ကျင့်ရေး ကုမ္ပဏီ အသံ** 13

**သင်တန်းဆိုင်ရာ သတင်းအချက်အလက်** 14



**ISSUE 56 | Dec 2025**


**Complimentary**

# အမှုဆောင်အရာရှိချုပ်၏နှစ်တစ်နှစ်တာပြန်လည်သုံးသပ်ချက်နှင့်ကျေးဇူးတင်လွှာ



လေးစားရပါသော CVT နှင့် ဆက်နွယ်နေသော မိတ်ဖက်အဖွဲ့အစည်းများ၊ပံ့ပိုးကူညီသူများ၊သင်တန်းသားများ၊ဆရာဆရာမများ နှင့် မိတ်ဆွေများရှင့်

ပထမဦးစွာ ၂၀၂၅ ခုနှစ် တစ်နှစ်ပတ်လုံး CVT နှင့်အတူ ပူးပေါင်း၍ အဖက်ဖက်သော အခန်းကဏ္ဍများမှ ပါဝင်ပံ့ပိုး ပေးခဲ့ကြသည့် မိတ်ဖက်အားလုံးအား အထူးကျေးဇူးတင်ဝမ်းမြောက်စွာ ဖော်ပြအပ်ပါသည်။ စိန်ခေါ်မှုများကြားတွင် ပူးပေါင်းဆောင်ရွက်မှုများနှင့် အားပေးကူညီမှုများကြောင့် CVT ၏ အင်အားများ နှင့် လုပ်ဆောင်နိုင်စွမ်းကို ကျယ်ပြန့်တိုးတက်စေခဲ့သည်။

၂၀၂၅ ခုနှစ် အတွင်း ရုံးခန်းအသစ်၊ စာသင်ခန်းများနှင့် လက်တွေ့လေ့ကျင့်ရေးသင်တန်းခန်းမ (PTC) ကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး လျှပ်စစ်၊ သတ္တုနှင့် ပရိဘောဂလုပ်ငန်းသင်တန်းများအတွက် အဆင်သင့် ဖြစ်စေခဲ့ပါသည်။ ၂၀၂၅ ခုနှစ်အတွင်းမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် CVT၏ အဓိကအောင်မြင်မှုဖြစ်ပြီး UNDP၊ HEINEKEN Myanmar၊ Swisscontact၊ ILO၊ FRC၊ GIE ၊ MMBC စသည့် မိတ်ဖက်များနှင့် ပူးပေါင်းကာ လူပေါင်း (၂,၄၀၀) ကျော်ကို သင်တန်းပေးပြီး (၁,၅၀၀) နီးပါးကို အလုပ်အကိုင်များနှင့် ချိတ်ဆက်ပေးနိုင်ခဲ့သည်။ ASEAN HRWG၊ Rotary Club Yangon နှင့် Zanaka Foundation တို့မှ တာဝန်ရှိသူများသည် CVT ရှိ သင်တန်းသားများ အား လုပ်ငန်းခွင်ဆိုင်ရာလာရောက် မျှဝေခဲ့သောအကြောင်းအရာများသည်လည်း လူမှုအသိုင်း အဝိုင်းနှင့် လုပ်ငန်းခွင်အတွက် ဗဟုသုတများစွာ တိုးပွားစေခဲ့ပါသည်။

၂၀၂၅ ခုနှစ်၊ မတ်လ မြေငလျင်အပြီး Swiss Support Association (SSA) ၏ ပံ့ပိုးမှုဖြင့် စစ်ကိုင်းတိုင်း ဒေသကြီးရှိ အိမ်ထောင်စု (၁၁၀) ကို အကူအညီ ပေးနိုင်ခဲ့သည်မှာ အရေးပေါ်အခက်အခဲများ ကြုံတွေ့ခဲ့ သည့်အချိန်တွင်လည်း CVT ၏ ပူးပေါင်းဆောင်ရွက်မှုစိတ်ဓါတ်ကိုအထင်အရှားတွေ့ရပါသည်။ ထို့အပြင် ILO/China Partnership Programme ပံ့ပိုးကူညီမှုအရ Hangzhou Technician Institute တို့နှင့် ပူးပေါင်းကာ မြေငလျင်ပြန်လည်ထူထောင်ရေးသင်တန်းများကို ဆောင်ရွက်ခဲ့ပြီး စစ်ကိုင်းဒေသရှိ ကျေးရွာများတွင် နေအိမ်များနှင့် လူမှုအသိုင်းအဝိုင်းစင်တာ ၂၁ လုံးကို ပြန်လည်တည်ဆောက်ပြုပြင်ပေးခဲ့ပါသည်။

နှစ်စဉ်နိုဝင်ဘာလတိုင်း CVT တည်ထောင်သူများဖြစ်သည့် Mr. Max O. Wey နှင့် Mr. Heini Portmann တို့၏ ဂုဏ်ကျေးဇူးများ နှင့် စိတ်ဝိညာဉ်ကို ဂုဏ်ပြုအမှတ်ရစေခဲ့ပါသည်။

## ၂၀၂၆ မြေလှမ်းများ

မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို အခြေခံ၍ CVT ၏ လုပ်ဆောင်ချက်များကို ၂၀၂၆ နှစ်သစ်မှ စ၍ ပိုမိုချဲ့ထွင်ရန် မိတ်ဖက်ကွန်ရက်များ ဆက်လက်တိုးချဲ့သွားမည်ဖြစ်ပါသည်။

သက်မွေးသင်တန်း များ ပို့ချခြင်း၊ လုပ်ငန်းခွင်အခြေပြုသင်ကြားသင်ယူမှုစနစ်ဖြင့် ချန်ပီယံများမွေးထုတ်ခြင်း ၊ အလုပ်သင်များ တိုးချဲ့ခြင်းနှင့် Dual Apprenticeship ပြန်လည် ဖွင့်လှစ်ခြင်း နှင့် ဈေးကွက်အခြေပြု CSR အစီအစဉ်များ ပိုမိုခိုင်မာစေရန် ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်အပ်ပါသည်။

CVT နှင့်အတူလက်တွဲဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံသက်မွေးပညာကဏ္ဍ ပိုမိုတိုးတက်ခိုင်မာစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များကို ပံ့ပိုးပေးနိုင်မည့် စနစ်တစ်ခုကို တည်ဆောက်နိုင်မည်ဖြစ်သည်။

သင်တို့၏ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများအတွက် ကျေးဇူးအထူးတင်ရှိပြီး ၂၀၂၆ ခုနှစ်တွင် စွမ်းအားအသစ်များနှင့် အောင်မြင်မှုများကို အတူတကွ ဖန်တီးနိုင်ရန် ဆက်လက်ချီတက်ကြပါစို့။

လေးစားကျေးဇူးတင်စွာဖြင့်
ဒေါ်ခင်မြတ်စန္ဒာ
အမှုဆောင် အရာရှိချုပ်

# အရည်အသွေးဆိုင်ရာအာမခံချက်

## ဆွစ်ဇာလန်ထောက်ပံ့ရေး အဖွဲ့အစည်းမှ ဘုတ်အဖွဲ့ဝင် Mrs. Marianne Schneider ၏ မြန်မာပြည်ခရီးစဉ်



Swiss Support Association (SSA) ၏ ဘုတ်အဖွဲ့ဝင်ဖြစ်သူ Mrs. Marianne Schneider သည် ဒီဇင်ဘာလ (၆) ရက်နေ့မှ (၁၃) ရက်နေ့အထိ တရားဝင် လာရောက်ခဲ့ပါသည်။ ခရီးစဉ်အတွင်း CVT ၏ အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် လက်ရှိ ဆောင်ရွက်နေသည့် လုပ်ငန်းများ နှင့် အနာဂတ် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကိုသုံးသပ်ဆွေးနွေးခဲ့ပါသည်။

ထို့အပြင် CVT နှင့် HEINEKEN တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သည့် "Build Your Skills, Shape Your Future" သင်တန်းဆင်းပွဲ အခမ်းအနား၊ CVT ၏ လက်တွေ့လေ့ကျင့်ရေး သင်တန်းခန်းမ (Practical Training Center – PTC) ဖွင့်ပွဲ အခမ်းအနားနှင့် နှစ်ပတ်လည် Alumni Event များသို့ တက်ရောက်ခဲ့ပြီး တက်ရောက်သူများအား နှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့ပါသည်။

ထို့နောက် Finnish Refugee Council (FRC) နှင့် Center for Vocational Training (CVT) တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့် စီမံကိန်းအတွက် ပဲခူးတိုင်းဒေသကြီးသို့ လေ့လာစစ်ဆေးမှု ခရီးစဉ် (Monitoring and Learning Field Visit) တွင်လည်း ပါဝင်ခဲ့ပါသည်။ အဆိုပါ စီမံကိန်းသည် ဒစ်ဂျစ်တယ် နည်းပညာများကို အသုံးပြုပြီး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လူငယ်များအား အွန်လိုင်းမှတစ်ဆင့် အသိပညာနှင့် အတတ်ပညာများကို သင်ယူနိုင်ရန် ရည်ရွယ် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အတွင်းလာရောက်လည်ပတ် စဉ်အတွင်းသက်ဆိုင်ရာမိတ်ဖက်များနှင့်တွေ့ဆုံမှုရလဒ်များနှင့် ဆွေးနွေးချက်များကို SSA သို့ ပြန်လည်တင်ပြသွားမည်ဖြစ်ပြီး အနာဂတ်တွင်လည်း ဆက်လက် ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း အတည်ပြု ပြောကြားခဲ့ပါသည်။

## CVT ရုံးခန်း၊ စာသင်ခန်း နှင့် လက်တွေ့လေ့ကျင့်ရေး သင်တန်းခန်းမသစ်ဖွင့်လှစ်ခြင်း

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် Center for Vocational Training (CVT) သည် လှိုင်မြို့နယ်ရှိ 151 Tech Park ၌ CVT ရုံးခန်း၊ စာသင်ခန်း နှင့် လက်တွေ့လေ့ကျင့်ရေး သင်တန်းခန်းမသစ်ဖွင့်လှစ်ခြင်း အခမ်းအနားကို အောင်မြင်စွာ ဖွင့်လှစ်ကျင်းပနိုင်ခဲ့ပါသည် ။ လက်တွေ့လေ့ကျင့်ရေး သင်တန်းခန်းမတွင် လျှပ်စစ်ကျွမ်းကျင်မှုအတတ်ပညာ သင်တန်း (Electrician) နှင့် ပရိဘောဂပြုလုပ်မှုအတတ်ပညာ သင်တန်း (Furniture Technician) များကို ၂၀၂၆ မှ စ၍ပြန်လည်ဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

အခမ်းအနားသို့ မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သင်တန်းဆရာ၊ ဆရာမများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။ အစီအစဉ်အရ CVT ၏ လက်ရှိ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားခြင်း၊ လက်တွေ့လေ့ကျင့်ရေး သင်တန်းခန်းမ ဖဲကြိုးဖြတ် ဖွင့်လှစ်ခြင်းနှင့် လှည့်လည်ကြည့်ရှုခြင်း၊ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံ ရိုက်ကူးခြင်းများ ပြုလုပ်ကာ အခမ်းအနားကို အောင်မြင်စွာ ပြီးစီးခဲ့ပါသည်။

လက်တွေ့လေ့ကျင့်ရေး သင်တန်းခန်းမ ပြန်လည်ဖွင့်လှစ်နိုင်ခြင်းသည် CVT ၏လုပ်ငန်းခွင်နှင့်သက်မွေးပညာ ပေါင်းစပ် သင်ကြားရေး စနစ်ကို ပိုမိုခိုင်မာစေပြီးလူငယ်များအတွက်အာမခံရှိသော အလုပ်အကိုင်များ ရရှိစေခြင်း အပြင် လုပ်သားဈေးကွက်လိုအပ်ချက်ကို ပိုမိုထိရောက်စွာဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။








# လျှပ်စစ်ကျွမ်းကျင်မှုအတတ်ပညာသင်တန်းသားများ အမျိုးသားကျွမ်းကျင်မှုစံသတ်မှတ်ရေး အဆင့်-၁ စာမေးပွဲ ဖြေဆိုအောင်မြင်ခြင်း

CVT နှင့် Global Infrastructure Engineering (GIE) တို့၏ MoU အရ အကောင်အထည်ဖော်သည့် လျှပ်စစ်ကျွမ်းကျင်မှုအတတ်ပညာသင်တန်း အမျိုးသားကျွမ်းကျင်မှုစံသတ်မှတ်ရေး အဆင့်-၁ နှင့် အဆင့်-၂ ကို ၂၀၂၅ ခုနှစ်၊ ဇွန်လမှ ဇူလိုင်လအတွင်း Tech Park ၌ အောင်မြင်စွာ ဖွင့်လှစ်ခဲ့ပါသည်။ ၎င်းနောက်အမျိုးသားကျွမ်းကျင်မှုစံသတ်မှတ်ရေး အဆင့်-၁ အရည်အချင်းစစ်စာမေးပွဲ ကို ဩဂုတ်လတွင် လုပ်ငန်းအတွေ့အကြုံရှိသော သင်တန်းသား ၄ ဦးဝင်ရောက်ဖြေဆိုခဲ့ရာဖြေဆိုသူအားလုံးအောင်မြင်ခဲ့ ကြပါသည်။ ဤအောင်မြင်မှုသည် CVT ၏အရည်အသွေးမြင့်အတတ်ပညာသင်တန်းများမှ တစ်ဆင့်ပိုမို အဆင့်မြင့်သော အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးနေသည့်အောင်မြင်သော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။




# CVT သင်တန်းသားဟောင်းများ နှစ်ပတ်လည် လုပ်ငန်းသုံးသပ်ချက်နှင့် စီမံချက်ရေးဆွဲခြင်း အစည်းအဝေး

CVT သင်တန်းသားဟောင်းများ၏ နှစ်ပတ်လည် လုပ်ငန်းသုံးသပ်ချက်နှင့် စီမံချက်ရေးဆွဲခြင်း အစည်းအဝေး (Alumni Gathering) ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ 151 Tech Park Event Hall တွင် အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးတွင် CVT ၏ လက်ရှိ လုပ်ဆောင်ချက်များ၊ သင်တန်းအစီအစဉ်များနှင့် မိတ်ဖက်ဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်ခဲ့ပြီး Alumni များမှ အနာဂတ်တွင် ဖွဲ့စည်းတည်ထောင်မည့် Youth Transforming Myanmar (YTM) ကွန်ယက်အတွက် အသက်မွေးဝမ်းကျောင်းနှင့် အတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေး၊ TVET မိတ်ဖက်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ YTM ရေရှည်တည်တံ့ရေးနှင့် ရန်ပုံငွေရှာဖွေခြင်း စသည့် ခေါင်းစဉ်များအပေါ် အုပ်စုလိုက် ဆွေးနွေးခဲ့ကြပါသည်။ အဆိုပါ ဆွေးနွေးမှုများမှ ရရှိလာသော ရလဒ်များကို ၂၀၂၆ ခုနှစ်အတွက် YTM ၏ လုပ်ငန်းအစီအစဉ်များနှင့် ရည်မှန်းချက်များ သတ်မှတ်ရာတွင် အသုံးပြုသွားမည် ဖြစ်ပါသည်။

ယခုလို ရည်ရွယ်ချက်ကောင်းမွန်ပြီး ထိရောက်သည့် ဆွေးနွေးပွဲများပြုလုပ်ခြင်းအားဖြင့် Alumni များအချင်းချင်း ပိုမိုနီးစပ်လာစေရုံသာမက ဖွဲ့စည်းတည်ထောင်မည့် Youth Transforming Myanmar ကွန်ယက်အတွက် ၂၀၂၆ ခုနှစ်၏ လုပ်ငန်းစဉ်များနှင့် ပန်းတိုင်များကိုပါ ခိုင်မာစွာ ချမှတ်နိုင်မည် ဖြစ်ပါသည်။



ထို့အပြင် YTM သည် အရည်အချင်းရှိသော လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည့် ကွန်ယက်တစ်ခုအဖြစ်သာမက သက်မွေးပညာ ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် မဏ္ဍိုင်တစ်ခုအဖြစ် တည်ရှိလာစေရန် CVT မှ ဆက်လက်ပံ့ပိုးကူညီသွားမည် ဖြစ်ပါသည်။








## CVT ဘုတ်အဖွဲ့နှစ်ပတ်လည် လုပ်ငန်းသုံးသပ်ချက်နှင့် စီမံချက်ရေးဆွဲခြင်းအစည်းအဝေး

CVT သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် အလုပ်အကိုင်၊ သင်တန်းနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းများအား အနှစ်ချုပ် သုံးသပ်ခြင်းနှင့် ၂၀၂၆ ခုနှစ်အတွက် စီမံချက်ရေးဆွဲခြင်းအစည်းအဝေးကို အောင်မြင်စွာ ကျင်းပခဲ့ပါသည်။ အစည်းအဝေးတွင် CVT အမှုဆောင်အရာရှိချုပ်မှ လက်ရှိ လုပ်ငန်းဆောင်ရွက်မှုများနှင့် မိတ်ဖက်များနှင့် ပူးပေါင်း ဆောင်ရွက်ထားသည့် သင်တန်းအစီအစဉ်များကို အသေးစိတ် တင်ပြခဲ့ပြီး၊ ၂၀၂၅ ခုနှစ်အတွင်း အကောင်အထည်ဖော်နိုင်ခဲ့သည့် သက်မွေးသင်တန်းများ (၁၇ မျိုး) နှင့် သင်တန်းသား (၂,၄၀၀) ကျော်အောင်မြင်မှု၊ အလုပ်အကိုင် ချိတ်ဆက်မှု (၁,၅၀၀) နီးပါးကို မျှဝေတင်ပြခဲ့ပါသည်။

ထို့နောက် အနာဂတ်အတွက်လည်း နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အရည်အသွေး ကောင်းမွန်သည့် အသက်မွေးဝမ်းကျောင်း သင်တန်းများကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ပြီး လက်တွေ့လေ့ကျင့်ရေး သင်တန်းခန်းမသစ်ဖွင့်လှစ် ပြီးဖြစ်သည့်အတွက် လျှပ်စစ်ကျွမ်းကျင်မှု အတတ်ပညာ သင်တန်းနှင့် အခြေခံ ပရိဘောဂ ပြုလုပ်မှု အတတ်ပညာသင်တန်းများကို ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ ၁၅၁ Tech Park တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ဂဟေဆော်ခြင်း သင်တန်းနှင့် တွင်ခုံသင်တန်းများကိုလည်း GIE – Global Infrastructure Engineering Company Limited-GIE နှင့် ပူးပေါင်း၍ ဖွင့်လှစ်သွားမည် ဖြစ်ကြောင်းကိုတင်ပြဆွေးနွေးခဲ့ပါသည်။



အဆိုပါ အစည်းအဝေးအပြီး CVT ဘုတ်အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဆရာဦးညီညီမှ လုပ်ငန်းခွင်တွင် လုပ်ဖော်ကိုင်ဖက်များနှင့် ထိရောက်စွာ ပြောဆိုဆက်သွယ်နိုင်ရေး၊ မိမိကိုယ်ကို နားလည်သိရှိနိုင်ရေးနှင့် အဖွဲ့လိုက် အလုပ်လုပ်ရာတွင် အပြန်အလှန် နားလည်မှုကောင်းမွန်စေရန်လက်တွေ့နမူနာများဖြင့် ဝေမျှပေးခဲ့ပါသည်။ လုပ်ဖော်ကိုင်ဖက်များနှင့် လုပ်ငန်းခွင်အတွင်းလူမှုပတ်ဝန်းကျင်များကို ပြန်လည်သုံးသပ်နိုင်ပြီး အဖွဲ့လိုက်ပူးပေါင်း ဆောင်ရွက်မှု အရည်အသွေးကို ပိုမိုတိုးတက် စေရန်အထောက်အကူများစွာဖြစ်စေပါသည်။ ဤသို့ အခါအားလျော်စွာ ပံ့ပိုးကူညီပေးလျက်ရှိသော ဆရာဦးညီညီအား ကျေးဇူးတင်ရှိပါသည်။

## CVT အသိုက်အဝန်း အားကောင်းစေခြင်း

## ASEAN Chambers Human Resources Working Group (HRWG) အဖွဲ့မှ CVT သို့ လာရောက်လေ့လာခြင်း

၂၀၂၅ အောက်တိုဘာလ ၂၇ ရက်နေ့ တွင် လှိုင်မြို့နယ် ယောဂီကျောင်းလမ်းရှိ CVT သင်တန်းကျောင်းသို့ ASEAN Chambers Human Resources Working Group (HRWG) ဥက္ကဋ္ဌ ဦးမျိုးသန်းနှင့် အဖွဲ့ဝင်များ CVT သို့လာရောက် လေ့လာခဲ့ကြ ပါသည်။ ပထမဦးစွာ CVT ၏အမှုဆောင်အရာရှိချုပ် ဒေါ်ခင်မြတ်စန္ဒာမှ နှုတ်ခွန်းဆက် စကားများ ပြောကြား ပြီး CVT သင်တန်းအစီအစဉ်များနှင့် နောင်အနာဂတ်တွင် ပူးပေါင်း ဆောင်ရွက်နိုင်မည့် အခွင့်အလမ်း များ ကိုလည်း တင်ပြဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် ဦးမျိုးသန်း မှ လက်ရှိတက်ရောက်နေသော F&B and Bartending ကျောင်းသားလူငယ်များကို "Leadership & Talent in Transition, building for Tomorrow "ခေါင်းစဉ်ဖြင့် မျှဝေပြောကြားပေး ခဲ့ပါသည်။ ဦးမျိုးသန်း မျှဝေခဲ့သော အကြောင်းအရာများသည် ကျောင်းသားလူငယ်များအတွက် အားအင်များစွာ ဖြစ်စေခဲ့သည့်အတွက် CVT မှကျေးဇူးတင်ရှိပါသည်။ CVT သည် မြန်မာနိုင်ငံနှင့် အာဆီယံ ဒေသအတွင်းရှိ လူငယ်များ၏ အနာဂတ်အတွက် တန်ဖိုးမြှင့်တင်ရန်နှင့် စီးပွါးရေး လုပ်ငန်းများ ပိုမိုထိရောက်ပံ့ပိုးပေးနိုင်ရန်အတွက် ယခုကဲ့သို့ စီးပွါးရေး Chamber များနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက် လုပ်ဆောင်သွားမည် ဖြစ်ပါသည်။







## Rotary Club Yangon ဥက္ကဋ္ဌ နှင့် Zanaka Education Foundation မှ အထွေထွေအတွင်းရေးမှူးချုပ် တို့ (CVT)သို့ လာရောက်လေ့လာခြင်း





၂၀၂၅ ခု အောက်တိုဘာလ ၂၉ ရက်နေ့တွင် လှိုင်မြို့နယ် ယောဂီကျောင်းလမ်းရှိ CVT သင်တန်းကျောင်းသို့ Rotary Club Yangon ဥက္ကဋ္ဌ ဒေါ်လင်းလင်းတင်ထွန်းနှင့် Zanattka Foundation မှ အထွေထွေအတွင်းရေးမှူးချုပ် ဦးဇော်နိုင် တို့ CVT သို့လာရောက် လေ့လာခဲ့ကြပါသည်။ ပထမဦးစွာ CVT ၏အမှုဆောင်အရာရှိချုပ် ဒေါ်ခင်မြတ်စန္ဒာမှ နှုတ်ခွန်းဆက် စကားများ ပြောကြားပြီး CVT သင်တန်းအစီအစဉ်များနှင့် နောင်အနာဂတ်တွင် ပူးပေါင်း ဆောင်ရွက်နိုင်မည့် အခွင့်အလမ်း များ ကိုလည်း တင်ပြဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် ဧည့်သည်တော်များမှ လက်ရှိတက်ရောက်နေသော F&B and Bartending ကျောင်းသား၊လူငယ်များအား အလုပ်အကိုင်အခွင့်အလမ်းများကို မျှဝေ ပြောကြားပေးခဲ့ပြီး CVT၏ လက်တွေ့လေ့ကျင့်ရေး သင်တန်းခန်းမ (Practical Training Center -PTC) လှည့်လည်ကြည့်ရှုကာ ပူးပေါင်းလုပ်ဆောင်နိုင်မည့်စီမံကိန်းများ ၂၀၂၆ နှစ်ဦးတွင် ထပ်မံဆွေးနွေးရန် ပြောကြားခဲ့ကြပါသည်။

## Center for Vocational Training (CVT) နှင့် Malaysia-Myanmar Business Chamber (MMBC) နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်း

မြန်မာလူငယ်များအတွက် အသက်မွေးဝမ်းကျောင်းပညာ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်တွင်းစီးပွားရေး လုပ်ငန်းများအား အထောက်အကူပြုစေရန် ရည်ရွယ်၍ Centre for Vocational Training (CVT) နှင့် Malaysia-Myanmar Business Chamber (MMBC) ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ ကို ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ Myanmar Center – 2 တွင် MMBC ဖက်မှ Mr. Siva Prakash-President ၊ Ms. Shirley – Chamber Manager နှင့် CVT မှ ဒေါ်ခင်မြတ်စန္ဒာ-Chief Executive Officer ၊ ဒေါ်ခင်မာအေး-Guarantor ၊ ဒေါ်သွေးသွေးမောင် Director, Head of MarCom & Fundraising တို့ တက်ရောက်ပြီး လက်မှတ်ရေးထိုးခဲ့ကြပါသည်။ အဆိုပါ နားလည်မှုစာချွန်လွှာသည် ၃ နှစ်သက်တမ်းရှိပြီး ပူးပေါင်း ဆောင်ရွက်နိုင်မည့် အခြေခံစနစ်တစ်ရပ်ကို တည်ဆောက်ပေးမည်ဖြစ်ပါသည်။ ပူးပေါင်း ဆောင်ရွက်မည့် အကြောင်းအရာများမှာ -အထွေထွေ စီးပွားရေး နှင့် လူမှုရေး အကြောင်းအရာများ အပြန်အလှန် မျှဝေခြင်း၊ CVT ကျောင်းသား/သူများအတွက် MMBC အသင်းဝင်လုပ်ငန်း များတွင်လေ့လာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း များ ဖန်တီးခြင်း၊ MMBC ၏ အသင်းဝင်လုပ်ငန်းများမှ CSR အနေဖြင့် ပညာသင်ဆု၊ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားရေးကဏ္ဍများတွင် ပါဝင်ပံ့ပိုးခြင်း များပါဝင်ပါသည်။

ဤနားလည်မှုစာချွန်လွှာအကြောင်းအရာများသည် ပညာရေးနှင့် စီးပွားရေးလုပ်ငန်းအကြား ပူးပေါင်း ဆောင်ရွက်မှုကို တိုးမြှင့်ပေးပြီးမြန်မာလူငယ်များအတွက် အတတ်ပညာနှင့် လုပ်ငန်းအတွေ့အကြုံများ ပိုမိုရရှိလာစေရန် ရည်ရွယ်ထားပါသည်။ မြန်မာနိုင်ငံ၏ အနာဂတ်အတွက် တန်ဖိုးရှိသော လူမှုအဖွဲ့အစည်း တစ်ခုအဖြစ် ပူးပေါင်းဆောင်ရွက်မှုကို ဝမ်းမြောက်စွာ မှတ်တမ်းတင်အပ်ပါသည်။







# CVT နှင့် AMARA Consulting၊ MyWorld Careers Myanmar တို့ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်း




Centre for Vocational Training (CVT) သည် မြန်မာနိုင်ငံလူငယ်များအတွက် အသက်မွေးဝမ်းကျောင်းပညာနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရန် အတွက် AMARA Consulting နှင့် MyWorld Careers တို့နှင့် နားလည်မှုစာချွန်လွှာများကို ၂၀၂၅ ခုနှစ် ဇွန်လ နှင့် ဇူလိုင်လအတွင်း လက်မှတ်ရေးထိုးခဲ့ပါသည်။

အဆိုပါ နားလည်မှုစာချွန်လွှာ အရ ၂၀၂၅ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း ဖွင့်လှစ်သောသက်မွေးသင်တန်းများဖြစ်သော အစားအသောက်တည်ခင်းဧည့်ခံခြင်းနှင့် အချက်အပြုတ် ဝန်ဆောင်မှုသင်တန်း၊ နည်းပညာနှင့် ကွန်ပျူတာ အခြေခံသင်တန်း၊ မော်တာစက်နင်းနှင့် မော်တာစက်ပြင် အခြေခံသင်တန်း၊ အဝတ်အစား ဖန်တီးချုပ်လုပ်ခြင်း သင်တန်း၊ အလှအပရေးရာ အခြေခံ အတတ်ပညာသင်တန်း၊ အခြေခံ စိုက်ပျိုးရေး အတတ်ပညာသင်တန်း၊ မိုဘိုင်းလ်ဖုန်း ပြင်ဆင်ထိန်းသိမ်းမှု အခြေခံသင်တန်း များမှ သင်တန်းဆင်းများအား အလုပ်ခွင်အတွက်ကြိုတင်ပြင်ဆင်မှုများ နှင့် အလုပ်အကိုင် ချိတ်ဆက်ခြင်းများကို AMARA Consulting နှင့် MyWorld Careers Myanmar တို့မှ ပံ့ပိုးလုပ်ဆောင် ပေးခဲ့ကြပါသည်။

# HEINEKEN Myanmar နှင့် CVT တို့၏ "Build Your Skills, Shape Your Future" CSR အစီအစဉ်သစ် စတင်ခြင်း

CVT သည် HEINEKEN Myanmar ၏ ပံ့ပိုးမှုဖြင့် လူငယ် ၅၀ ကျော်အတွက် "Build Your Skills, Shape Your Future" CSR အစီအစဉ်၏ Orientation အခမ်းအနားကို CVT သင်တန်းကျောင်းတွင် ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင်အောင်မြင်စွာ ကျင်းပခဲ့သည်။ ဤအစီအစဉ်အရ (ဇူလိုင်လ-ဒီဇင်ဘာလ) ၆လ အတွင်း အတတ်ပညာသင်တန်များဖွင့်လှစ်ပို့ချရန်နှင့် အလုပ်အကိုင်ချိတ်ဆက်ဆောင်ရွက်မှုများပါဝင်သည်။

အခမ်းအနားတွင် HEINEKEN Myanmar ၏ Managing Director Mr. Dominique Jung၊ Sales & Trade Marketing Director Mr. Jorrit Tuinhof၊ Corporate Affairs Director Ma Naw Lar Pwe Pawlin နှင့် CVT CEO ဒေါ်ခင်မြတ်စန္ဒာ တို့အပါအဝင် အဖွဲ့ဝင်များ၊ ဆရာ/ဆရာမများနှင့် ကျောင်းသား/သူများ တက်ရောက်ခဲ့ကြပြီး အဖွင့်စကားများတွင် လူငယ်များအတွက် အတတ်ပညာဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်ချက်ကို အလေးပေးပြောကြားခဲ့သည်။

အခမ်းအနားအတွင်း ကျောင်းသားတစ်ဦးမှ သင်တန်းအတွေ့အကြုံကို မျှဝေပြီး HEINEKEN Myanmar ၏ ပံ့ပိုးမှုနှင့် CVT ၏ အကောင်အထည်ဖော်မှုအတွက် ကျေးဇူးတင်စကားများ ပြောကြားခဲ့သည်။

"Build Your Skills, Shape Your Future" အစီအစဉ်သည် လူငယ်များအတွက် အတတ်ပညာနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း တပြိုင်နက် F&B လုပ်ငန်းခွင် အတွက် လုပ်သားမွေးထုတ်ပေးနိုင်ခြင်းများကြောင့် CSR program တစ်ရပ်အနေဖြင့် ဂုဏ်ယူစွာ တင်ပြအပ်ပါသည်။





## CVT Myanmar စတင်တည်ထောင်သူ Mr. Max O-Wey နှင့် ဥက္ကဋ္ဌ ဖြစ်သူ Mr.Heini Portmann တို့၏ အောက်မေ့ဖွယ်အခမ်းအနား ကျင်းပခြင်း

ဆွစ်ဇာလန်နိုင်ငံသား Mr. Max O. Wey သည် ၂၀၀၂ ခုနှစ်မှစတင်ကာ မြန်မာနိုင်ငံတွင် အခက်အခဲများစွာကြားမှ အသက်မွေးမှုအတတ် ပညာသင်တန်းကျောင်း (CVT Myanmar)ကို တည်ထောင်ပေးခဲ့ပြီး မြန်မာနိုင်ငံ၏နှစ်လမ်းသွား ပညာရေးစနစ်ဖြစ်သည့် လုပ်ငန်းခွင်နှင့် သက်မွေးပညာ ပေါင်းစပ်သင်ကြားခြင်းဟူသော Dual Apprenticeship ပညာရေးစနစ်ကို မြန်မာနိုင်ငံရှိလူငယ်များနှင့် စက်မှုလက်မှုလုပ်ငန်းများအကြား မိတ်ဆက်ပေါင်းကူးပေးခဲ့သူတစ်ယောက်လည်း ဖြစ်သည်။



မည်သည့်အကျိုးအမြတ်မျှ မျှော်လင့်ခြင်းမရှိဘဲ မြန်မာလူငယ်များအတွက် အလွန်အရေးပါ သည့် တန်ဖိုးမဖြတ်နိုင်သော အသက်မွေးဝမ်းကြောင်း ပညာရေး အမွေအနှစ်များကို ချန်ထားပေးခဲ့သူ ဖြစ်ပါသည်။ Mr. Max O. Wey ကွယ်လွန်ခဲ့သည်မှာ ၂၀၂၅ နိုဝင်ဘာလ ၂၈ တွင် ၁၇ နှစ်ပြည့် ခဲ့ပြီဖြစ်ပါသည်။

၎င်း၏ ငယ်သူငယ်ချင်းဖြစ်သူ — Mr. Heini Portmann (CVT Myanmar ဥက္ကဋ္ဌ) သည်လည်း မြန်မာလူငယ်များနှင့် မိသားစုများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆယ်စုနှစ်ကျော် ကြာမြင့်စွာ တစိုက်မတ်မတ်လုပ်ရှားဆောင်ရွက်ပေးခဲ့သူ ဖြစ်ပြီး ကွယ်လွန်ခဲ့သည်မှာ ၂၀၂၅ နိုဝင်ဘာလ ၂၉ တွင် ၂ နှစ်ပြည့်ခဲ့ပြီဖြစ်ပါသည်။ ကွယ်လွန်သူ ပုဂ္ဂိုလ်ကြီးနှစ်ဦး၏ ရည်မှန်းချက်များ၊ စိတ်ဝိညာဉ်နှင့် မေတ္တာတရားများဖြင့် သူတို့ထားခဲ့သည့် vision နှင့် စိတ်ကူးများသည် CVT Myanmar အား ယနေ့ထိ တည်တံ့ခိုင်မြဲစေခဲ့ခြင်းဖြစ်သည်။

၂၀၂၅ နိုဝင်ဘာလ ၂၈ တွင် ကွယ်လွန်ခြင်း ၏ အောက်မေ့ဖွယ်ရာအထိမ်းအမှတ် အဖြစ် CVT မှ စီမံအုပ်ချုပ်သူများ၊ ဆရာဆရာမများ ၊ မိတ်ဖက်များက သံဃာတော်များအား နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး အမျှဝေ သာဓုခေါ်ဆိုခဲ့ကြပါသည်။

# သင်တန်းများနှင့် လူမှုရေး လှုပ်ရှားမှုများ

## (က) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သက်မွေးသင်တန်းများ ဖွင့်လှစ်ခြင်း

### UNDP နှင့် ပူးပေါင်း၍ ဖွင့်လှစ်ခြင်း

၂၀၂၅ ခုနှစ် Urban Resilience Project (URP) စီမံကိန်းအရ အသက်မွေးမှုအတတ်ပညာသင်တန်း (၁၁)မျိုးကို ဇန်နဝါရီလမှ နိုဝင်ဘာလအထိ သင်တန်းသားပေါင်း (၂၁၅၇) ကျော် ကို အောင်မြင်စွာ ဖွင့်လှစ်ပေး နိုင်ခဲ့ပါသည်။

ဤစီမံကိန်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် (၈) ခုမှ လူငယ်လူရွယ်များ၊ အမျိုးသမီးများနှင့် ရွှေ့ပြောင်းနေထိုင်သူများ၏ ဝင်ငွေရရှိစေရန်နှင့် လူမှုစီးပွားဘဝတိုးတက်ကြံ့ခိုင်စေရန် ရည်ရွယ်ပါသည်။ လက်ရှိတွင် ရန်ကုန်မြို့အတွင်းရှိ ရွေးချယ်ထားသော မြို့နယ်များ၌ အစားအသောက်တည်ခင်းဧည့်ခံခြင်းနှင့် အချက်အပြုတ် ဝန်ဆောင်မှုသင်တန်း၊ နည်းပညာနှင့် ကွန်ပျူတာ အခြေခံသင်တန်း ၊မော်တာစက်နင်းနှင့် မော်တာစက်ပြင် အခြေခံသင်တန်း၊ အဝတ်အစား ဖန်တီးချုပ်လုပ်ခြင်း သင်တန်း၊ အလှအပရေးရာ အခြေခံ အတတ်ပညာသင်တန်း၊ အခြေခံ စိုက်ပျိုးရေး အတတ်ပညာသင်တန်း၊ မိုဘိုင်းလ်ဖုန်း ပြင်ဆင်ထိန်းသိမ်းမှု အခြေခံသင်တန်း (၁၁) မျိုး ကျော်ကို ပို့ချပေးခဲ့ပြီး ဖြစ်ပါသည်။ သင်တန်းပြီးစီးသူများကို သင်တန်းဆင်း လက်မှတ်များအပ်နှင်းခဲ့ပြီးဖြစ်ကာ အောင်မြင်မှုအနေဖြင့် သင်တန်းဆင်း ၇၀% ကျော် သည်သက်ဆိုင်ရာ လုပ်ငန်းခွင်အသီးသီးတွင် စတင်ဝင်ရောက် လုပ်ကိုင်နေကြပြီ ဖြစ်သောကြောင့် ဤစီမံကိန်းနှင့် တွဲဖက်မှု သည် ရန်ကုန်တိုင်းဒေသကြီးမြို့နယ် (၈)မြို့နယ်ရှိ လူငယ်ပေါင်း (၂၁၅၇) အား အလုပ်အကိုင် အခွင့်အလမ်း များကိုဖော်ဆောင်ပေးနိုင်ခဲ့ပါသည်။





## အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့နှင့် ပူးပေါင်း၍ ဖွင့်လှစ်ခြင်း

ကျွမ်းကျင်မှုအခြေပြုသင်တန်းများဖြစ်သည့် အောင်မြင်သော လက်လီ အရောင်း သင်တန်း ၊ အိပ်ခန်းဆောင် ထိန်းသိမ်းစောင့်ရှောက်ရေးသင်တန်း၊ အစားအသောက် တည်ခင်းဝန်ဆောင်မှု သင်တန်းနှင့်အိမ်သုံး ဆိုလာ တပ်ဆင်ခြင်း သင်တန်းများကို သင်တန်းသား/သူ စုစုပေါင်း ၈၀ ဦးဖြင့် စီမံကိန်းကာလ ၂၀၂၅ (မေလမှ စက်တင်ဘာလ) ၆ လ အတွင်းအောင်မြင်စွာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းဆင်း များအား အောင်လက်မှတ်များချီးမြှင့် ပေးခဲ့ပါသည်။



## Finish Refugee council (FRC) နှင့် ပူးပေါင်း၍ ဖွင့်လှစ်ခြင်း



၂၀၂၅ (အောက်တိုဘာလမှ ဒီဇင်ဘာလထိ) ၃လ စီမံကိန်းဖြင့်ဖွင့်လှစ်ခဲ့သည့် “Retail Sales Excellence –လက်လီအရောင်း ကျွမ်းကျင် သင်တန်း“ တွင် အရောင်း ကျွမ်းကျင်မှု၊ ရောင်းသူ ဝယ်သူဝန်ဆောင်မှု၊ အရောင်းစနစ်၊ ကိုယ်ရည်ကိုယ်သွေး၊ ကျင့်ဝတ် ၊ စိတ်နေစိတ်ထား၊ အလုပ်ခွင် တွက်ကြိုတင်ပြင်ဆင်ခြင်းနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့်ကျန်းမာရေး ဘာသာရပ်များ သင်ကြားပို့ချအောင်မြင်ခဲ့ပြီး သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူ (၁၄) ဦးအား အောင်လက်မှတ်များချီးမြှင့် ပေးခဲ့ပါသည်။

## APC Intertrade Co., Ltd (APC) နှင့် ပူးပေါင်း၍ ဖွင့်လှစ်ခြင်း



၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နဲ့ ၁၈ ရက်နေ့တွင် CVT မှ APC Intertrade Co., Ltd ၏ ဝန်ထမ်း ၂၁ ဦးကို လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် ကျန်းမာရေး (Common OSH) ဆိုင်ရာအသိပညာပေးသင်တန်းကို ဒုတိယ အကြိမ် အောင်မြင်စွာပို့ချပေးခဲ့ပါသည်။ သင်တန်းတွင် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံသဘောတရားတွေ အပြင်လက်ရှိ မြန်မာနိုင်ငံ၏အနေအထားနှင့် လိုက်လျောညီထွေဖြစ်အောင် လျှပ်စစ်ဆိုင်ရာ ဗဟုသုတများကို လည်း မျှဝေပေးခဲ့ပါသည်။ သင်တန်းသားတွေဟာ လျှပ်စစ်ဆိုင်ရာ ဗဟုသုတနှင့် အခြေခံသဘောတရားများ၊ လျှပ်စစ်လိုင်း များနှင့် လျှပ်စစ်ကြိုတင် သတိပေးချက်တွေအပြင် လျှပ်စစ်အတွက် ကြိုတင်ပြင်ဆင်ပုံနှင့် ဘေးကင်းရာကို ထွက်ပြေး တိမ်းရှောင်ရမယ့် နည်း လမ်းတွေကိုပါ မျှဝေသင်ကြားပေးခဲ့ပါသည်။ သင်တန်းမှ ရရှိခဲ့တဲ့ အသိပညာများသည် ဝန်ထမ်းများ၏ လုပ်ငန်းခွင်ဘဝကို ပိုမိုဘေးကင်း စေရုံသာမက နေ့စဉ်လူမှုဘဝမှာပါ အသုံးဝင်မည့်အသိပညာတွေဖြစ်တာကြောင့် အားလုံးအတွက်တန်ဖိုးရှိတဲ့သင်တန်းတစ်ခုဖြစ်ခဲ့ပါသည်။

## Global Infrastructure Engineering Co., Ltd (GIE) နှင့် ပူးပေါင်းဖွင့်လှစ်ခြင်း

ဇွန်လ ၉ ရက် ၂၀၂၅ တွင် CVT နှင့် Global Infrastructure Engineering Co., Ltd (GIE) တို့ ပူးပေါင်းဆောင်ရွက်ခြင်း MoU အရ ဖွင့်လှစ်ခဲ့သော အသုံးချ လျှပ်စစ်ကျွမ်းကျင်မှုအတတ်ပညာ သင်တန်း NSSA (National Skill Standard Authority- Level 1, Level 2) အမျိုးသားကျွမ်းကျင်မှု စံသတ်မှတ်ရေး အဆင့်လေ့ကျင့်သင်ကြားပေးသည့် သင်တန်းကို CVT သင်တန်းကျောင်း ၊ အမှတ် ၁၅၁၊ Tech Park၊ ယောဂီကျောင်းလမ်း၊ လှိုင်မြို့နယ်၌ အောင်မြင်စွာ ဖွင့်လှစ်ခဲ့ပါသည်။



သင်တန်းဆင်းပွဲတွင် CVT ၏ Guarantor တစ်ဦးဖြစ်သူ ဒေါ်ခင်မာအေးမှ National Skills Standard Authority -NSSA အကြောင်းရှင်းလင်းပြောကြားခဲ့ပြီး၊ CVT မှ အမှုဆောင်အရာရှိချုပ် ဒေါ်ခင်မြတ်စန္ဒာ၊ GIE မှ ဒါရိုက်တာ ဒေါ် ဝင်းမိုးထွေး၊ ဒါရိုက်တာ ဦးထွန်းမင်းသန်း၊ သင်တန်းဆရာ ဦးအောင်နေဝင်းတို့မှ သင်တန်းဆင်းများကို ဂုဏ်ပြု စကားများအသီးသီး ပြောကြားခဲ့ပြီး နောက်သက်ဆိုင်ရာဆရာများမှ သင်တန်းဆင်း လက်မှတ်များကို ချီးမြှင့်ခဲ့ပြီး မှတ်တမ်းတင်ဓါတ်ပုံများ ရိုက်ကူးခဲ့ကာ အခမ်းအနား အောင်မြင်စွာပြီးစီးခဲ့ပါသည်။

## foodpanda Myanmar နှင့် ပူးပေါင်းဖွင့်လှစ်ခြင်း

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် foodpanda နှင့်ပူးပေါင်း၍ "Food Safety & Hygiene Training" ကို ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါသင်တန်းသို့ foodpanda ၏ မိတ်ဖက်စားသောက်ဆိုင်များမှ Chef များ၊ မန်နေဂျာများ၊ ဆိုင်ပိုင်ရှင်များ အပါအဝင် စုစုပေါင်း ၈၅ ဦးခန့်နှင့် SMVTI Hospitality သင်တန်းမှ သင်တန်းသားများ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

သင်တန်းအတွင်း CVT မှ စားသောက်ဆိုင်လုပ်ငန်းများတွင် လက်တွေ့အသုံးချနိုင်စေရန် ရည်ရွယ်ကာ အစားအစာလုံခြုံရေးနှင့် သန့်ရှင်းမှု၏ အရေးပါမှုကို အခြေခံမှစ၍ ဇီဝဗေဒဆိုင်ရာ အန္တရာယ်များ၊ အစားအစာကြောင့် ဖြစ်ပွားနိုင်သော အဆိပ်သင့်မှုများနှင့် ထိန်းချုပ်နည်းများကို အသေးစိတ် မျှဝေခဲ့ပါသည်။ ထို့အပြင် အညစ်အကြေးဝင်ရောက်မှု အန္တရာယ်များနှင့် ကာကွယ်ထိန်းချုပ်နည်းများ၊ တစ်ကိုယ်ရည် သန့်ရှင်းရေး အလေ့အကျင့်များ၊ ဆိုင်အဆောက်အဦနှင့် အသုံးအဆောင်ပစ္စည်းများ၏ သန့်ရှင်းမှု စံနှုန်းများ၊ အစားအစာ ပိုးမွှားများနှင့် ထိန်းချုပ်နည်းများ၊ သန့်ရှင်းရေးနှင့် ပိုးသတ်ဆေးဖြင့် သန့်စင်ခြင်း နည်းလမ်းများကို လက်တွေ့ဥပမာများနှင့်အတူ ရှင်းလင်းပို့ချပေးခဲ့ပါသည်။

သင်တန်းကာလအတွင်း တက်ရောက်သူများမှ မေးမြန်းခဲ့သည့် မေးခွန်းများကိုလည်း အသေးစိတ် ဖြေကြားပေးခဲ့ပြီး နားလည်မှု အဆင့်ကို စစ်ဆေးရန်အတွက် မေးခွန်းတိုများ ပြန်လည်မေးမြန်းခဲ့ပါသည်။ ထိုသို့ လက်တွေ့ဆွေးနွေးမှုများနှင့် အပြန်အလှန်ပါဝင်မှုများဖြင့် သင်တန်းကို အောင်မြင်စွာ ပြီးဆုံးခဲ့ပြီး တက်ရောက်သူများအနေဖြင့် အစားအစာ လုံခြုံရေးနှင့် သန့်ရှင်းမှုဆိုင်ရာ အသိပညာများကို မိမိတို့၏ လုပ်ငန်းများတွင် ထိရောက်စွာ အသုံးချနိုင်မည်ဖြစ်ပါသည်။



## HEINEKEN Myanmar နှင့် ပူးပေါင်းဖွင့်လှစ်ခြင်း

မြန်မာနိုင်ငံရှိ အသက် ၁၈ နှင့် ၂၅ နှစ်အတွင်းရှိလူငယ်များအား လုပ်သားဈေးကွက်လိုအပ်ချက်များနှင့် စီးပွားရေးအခက်အခဲများကို ဖြေရှင်းနိုင်စေရန်၊ လိုအပ်သည့် သက်မွေးအတတ်ပညာရပ်များကို လက်တွေ့သင်ကြားပေးရန် HEINEKEN Myanmar ၏ "Build Your Skills, Shape Your Future"CSR အစီအစဉ်ဖြင့် Food and Beverage (F&B) Service နှင့် Bartending သင်တန်းများကိုစီမံကိန်းကာလ ၂၀၂၅ ခုနှစ် ဇူလိုင်လမှ ဒီဇင်ဘာလ၊ သင်တန်းကာလ ၆ အတွင်း သင်တန်းသား ၅၀ ဦးဖြင့်အောင်မြင်စွာ ဖွင့်လှစ်ခဲ့ပါသည်။

သင်တန်းတွင် လုပ်သားဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော Food and Beverage (F&B) Service နှင့် Bartending သက်မွေးဘာသာရပ်ဆိုင်ရာပညာရပ်များ၊ ဝန်ဆောင်မှု၊ ကိုယ်ရည်ကိုယ်သွေး၊ ကျင့်ဝတ်၊ စိတ်နေစိတ်ထား၊ အင်တာဗျူးဖြေဆိုပုံများ နှင့် အလုပ်ခွင်အတွက် ကြိုတင်ပြင်ဆင်ခြင်း များကို အဓိကထား သင်ကြားပေးခဲ့ပြီး၊ သင်တန်း၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်သော HEINEKEN Myanmar စက်ရုံလေ့လာရေး (Factory Visit) ကိုလည်း သင်တန်းသားများ အတွက် သင်တန်းကာလအတွင်းတွင် စီစဉ်ပေးခဲ့ပါသည်။

အဆိုပါ လေ့လာရေးခရီးမှတဆင့် သင်တန်းသား များသည် ဘီယာချက်လုပ်ငန်းစဉ်၊ ထုတ်လုပ်ရေးနှင့် ထုပ်ပိုးမှုလုပ်ငန်းများ၊ တာဝန်ရှိစွာအရက်သောက် သုံးခြင်း ၏ အရေးပါမှုနှင့် စံနှုန်းနှင့် ကိုက်ညီသော ဘီယာဝန်ဆောင်မှုပေးနည်းများကို လက်တွေ့နားလည်သဘောပေါက်လာစေခဲ့ပါသည်။ ဤအစီအစဉ်မှတဆင့် လူငယ်များ၏ အလုပ်အကိုင်ရရှိနိုင်မှုနှင့် အလုပ်အကိုင်အဆင်သင့်ဖြစ်မှုကို တဖက်တလမ်းမှ မြှင့်တင်ပေးနိုင်ခဲ့ပါသည်။








## (ခ)သင်တန်းဆင်းလက်မှတ်ချီးမြှင့်ပွဲများနှင့် အလုပ်အကိုင်ချိတ်ဆက်ပွဲများပြုလုပ်ကျင်းပခြင်း

CVT သည် လူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ သက်မွေးပညာသင်တန်းများကို စနစ်တကျ ဖွင့်လှစ်ဆောင်ရွက် လျက် ရှိပါသည်။

၂၀၂၅ စက်တင်ဘာလ ၇ ရက် တွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) နှင့် CVT တို့ ပူးပေါင်း၍ အောင်မြင်သော လက်လီအရောင်းသင်တန်း၊ အိပ်ခန်းဆောင် ထိန်းသိမ်းစောင့်ရှောက်ရေးသင်တန်း၊ အစားအသောက် တည်ခင်း ဝန်ဆောင်မှုသင်တန်းနှင့် အိမ်သုံးဆိုလာ တပ်ဆင်ခြင်းသင်တန်း စုစုပေါင်း သင်တန်း ၄ မျိုးကို ဖွင့်လှစ်ခဲ့ပြီး သင်တန်းပြီးဆုံးသူ ၈၀ ဦးအတွက် သင်တန်းဆင်း လက်မှတ်ချီးမြှင့်ပွဲနှင့် အလုပ်အကိုင် ချိတ်ဆက်ပွဲကို ကျင်းပခဲ့ပါသည်။ အဆိုပါ အခမ်းအနားတွင် MyJobs Myanmar၊ AMARA Consulting ကဲ့သို့သော အလုပ်အကိုင်အေဂျင်စီများနှင့် New Link Marketing Limited၊ The RVI Group၊ ZENTH Best Products Co., Ltd၊ RMA Myanmar၊ Solar House၊ Shwe Ka Thar Engineering & Manufacturing Co., Ltd၊ Radiant Rays Company Limited စသည့် လုပ်ငန်းရှင်များက အလုပ်အကိုင်အခွင့်အလမ်းများကို တိုက်ရိုက်မိတ်ဆက်ချိတ်ဆက်ပေးခဲ့ပါသည်။

ထို့အပြင် ၂၀၂၅ ဒီဇင်ဘာလ ၄ ရက်တွင် Finnish Refugee Council (FRC) နှင့် CVT တို့ ပူးပေါင်းဖွင့်လှစ်ခဲ့သော Retail Sales Excellence (လက်လီအရောင်းကျွမ်းကျင်) သင်တန်းကို သင်တန်းသား ၁၄ ဦး အောင်မြင်စွာ ပြီးဆုံးခဲ့ပြီး MyJobs Myanmar၊ AMARA Consulting နှင့် A Sure/XtraSure Company၊ Capital Retails၊ Shwe Moe Stationery & Bags၊ Edulink Myanmar စသည့် လုပ်ငန်းရှင်များက အလုပ်အကိုင်အခွင့်အလမ်းများကို ရှင်းလင်းပြောကြားကာ သင်တန်းဆင်းများ၏ လျှောက်လွှာများကို တိုက်ရိုက် လက်ခံခဲ့ကြပါသည်။

ထိုနည်းတူ ၂၀၂၅ ဒီဇင်ဘာလ ၁၁ ရက်တွင် HEINEKEN Myanmar နှင့် CVT တို့ ပူးပေါင်း၍ “Build Your Skills, Shape Your Future” အစီအစဉ်အောက်တွင် Food & Beverage (F&B) Service နှင့် Bartending သင်တန်းများကို ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၄၅ ဦး အောင်မြင်စွာ ပြီးဆုံးခဲ့ကာ HEINEKEN Myanmar ၏ မိတ်ဖက်လုပ်ငန်းရှင်များဖြစ်သော Radio Group နှင့် Seed Resturant မှ တာဝန်ရှိသူများနှင့် အလုပ်အကိုင်ချိတ်ဆက်မှုများကို ဆောင်ရွက်ပေးခဲ့ပါသည်။

အဆိုပါ သင်တန်းဆင်းလက်မှတ်ချီးမြှင့်ပွဲများနှင့် အလုပ်အကိုင်ချိတ်ဆက်ပွဲများမှတစ်ဆင့် သင်တန်းဆင်း စုစုပေါင်း (၁၃၉) ဦး အနက် လက်ရှိတွင် (၆၀) ဦးခန့်သည် အလုပ်အကိုင်များရရှိခဲ့ပြီး အလုပ်မရရှိသေးသူများအားလည်းဆက်လက် ချိတ်ဆက်ပေးလျက် ရှိပါသည်။ ထိုကဲ့သို့ သင်တန်းဆင်းများအား အလုပ်အကိုင်ချိတ်ဆက်ပေးခဲ့ကြသောကုမ္ပဏီများ ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ နှင့် အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီ များအားလုံးကို CVT အနေဖြင့် အထူးလှိုက်လှဲစွာ ကျေးဇူးတင်ဂုဏ်ပြုအပ်ပါကြောင်း နှင့် ဤသင်တန်းဆင်း လက်မှတ်ချီးမြှင့်ပွဲများနှင့် အလုပ်အကိုင်ချိတ်ဆက်ပွဲများသည် ကျွမ်းကျင်မှုအခြေပြု သင်တန်းများမှတဆင့် လူငယ်များ၏ အလုပ်အကိုင် အခွင့်အလမ်းများကို ထိရောက်စွာ တိုးမြှင့်ပေးနိုင်ခဲ့သကဲ့သို့ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကလုပ်ငန်းများအကြား ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါမှုကိုလည်း ထင်ဟပ်စေခဲ့ပါသည်။








## (ဂ) Earthquake Recovery Training -မြေငလျင်အရေးပေါ်အကူအညီဆောင်ရွက်ချက်များ


၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် မြန်မာနိုင်ငံအလယ်ပိုင်း၌ ဖြစ်ပွားခဲ့သော အင်အားပြင်းငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပြီးနောက်မြေငလျင်နောက်ဆက်တွဲသင်တန်းများနှင့် ပြန်လည်ထူထောင်ရေး စီမံကိန်းအရ CVT မှ အောက်ပါအတိုင်းဆောင်ရွက်ခဲ့ပါသည်။

**၁။ အိမ်ခြေ (၁၁၀) အတွက် အရေးပေါ်အခြေခံအသုံး အဆောင်များအားဒေသခံများနှင့် ပူးပေါင်း၍လှူဒါန်း ခြင်း**

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် မြန်မာနိုင်ငံအလယ်ပိုင်း၌ ဖြစ်ပွားခဲ့သော အင်အားပြင်းငလျင်ကြောင့် ဖြစ်ပွားခဲ့သည့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများအတွက် CVT သည် ဒေသခံများနှင့် ပူးပေါင်းကာ ၂၀၂၅ ခုနှစ် ဧပြီလအတွင်း စစ်ကိုင်းတိုင်းဒေသကြီးရှိ အိမ်ခြေ (၁၁၀) အတွက် အခြေခံအသုံးအဆောင်ပစ္စည်းများကို သွားရောက်လှူဒါန်းခဲ့ပါသည်။ ထို့အပြင် CVT နှင့်အတူ စေတနာဝန်ထမ်းအဖြစ်ပါဝင်ကူညီခဲ့ကြသူများနှင့် ငွေကြေးအားဖြင့် တတ်နိုင်သမျှ ပါဝင်လှူဒါန်းခဲ့ကြသူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူး တင်ဂုဏ်ပြုအပ်ပါသည်။








**၂။ Hangzhou Technician Institute နှင့် ပူးပေါင်းဖွင့်လှစ်သောမြေငလျင်နောက်ဆက်တွဲပြန်လည် ထူထောင်ရေး သင်တန်း**

ILO/China Partnership Programme ၏ ပံ့ပိုးကူညီမှုဖြင့် Hangzhou Technician Institute နှင့် CVT တို့ ပူးပေါင်းကာ "Earthquake Recovery Training" (မြေငလျင်နောက်ဆက်တွဲ ပြန်လည်ထူထောင်ရေး သင်တန်း) ကို ၂၀၂၅ ခုနှစ် ဩဂုတ်လ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် အောင်မြင်စွာ သင်ကြားပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းသို့ INGO၊ NGO၊ CBO နှင့် အစိုးရအဖွဲ့အစည်းများမှ တက်ရောက်သူ စုစုပေါင်း ၈၀ ဦး ပါဝင်ခဲ့ပြီး ၎င်းတို့အနက် ၄၅ ဦးအား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးနိုင်ခဲ့ပါသည်။ သင်တန်းအတွင်း ငလျင်အန္တရာယ် တုံ့ပြန်မှုနည်းပညာများ၊ အမိုးအကာ ပြင်ဆင်ခြင်းနှင့် လွတ်မြောက်ရေး လုပ်ငန်းစဉ်များ အပြင် စိတ်ပိုင်းဆိုင်ရာ ချိန်ညှိကုစားမှုနှင့် ရောဂါကူးစက်မှု ကာကွယ်ရေးအခြေခံများကိုပါ ထည့်သွင်းပို့ချခဲ့ ပါသည်။ ဤသင်တန်းသည် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာချိန်တွင် လက်တွေ့ကျကျ တိုက်ရိုက်တုံ့ပြန်နိုင်စွမ်းရှိသူများကို စနစ်တကျ ပြုစုပျိုးထောင်ပေးခြင်းအားဖြင့် ပြန်လည်ထူထောင်ရေး ထိရောက်စွာ အထောက်အကူပြုနိုင်ခဲ့ပါသည်။

**၃။ မြေငလျင်ဘေးသင့်သူများအား ပြန်လည်ထူထောင်ရေးစီမံကိန်း (အင်းဝဒေသ အိမ်ရာပြုပြင် တည်ဆောက်မှု အခြေအနေ)**

CVT သည် အင်းဝဒေသရှိ မြေငလျင်ဘေးသင့် မိသားစုများ အတွက် အရေးပေါ် ရိက္ခာထောက်ပံ့မှုမှတစ်ဆင့် ရေရှည်တည်တံ့သော အမိုးအကာများ ပြန်လည် တည်ဆောက်ပေးခြင်း၊ အိမ်အသစ်များ ဆောက်ပေးခြင်းများ ဒေသခံ အင်ဂျင်နီယာ ဦးလေးနိုင်၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့တွင် CVT စီမံခန့်ခွဲမှုအဖွဲ့သည် မုန့်တီစု၊ ယွန်းတန်း၊ ဆင်ကျုံး၊ မီးသွေးတိုက်နှင့် ကျီးပင်ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဒေသခံမိသားစုများနှင့် တွေ့ဆုံကာ လုပ်ဆောင်နေဆဲဆောက်လုပ်ရေး လုပ်ငန်းများ နှင့် ပြီးစီးမှု အခြေအနေ ကို လေ့လာဆန်းစစ်ခဲ့ပါသည်။

လက်ရှိတွင်စုစုပေါင်းအဆောက်အဦး ၂၁လုံး (အိမ်ခြေအသစ်၄လုံး၊ အဟောင်းပြုပြင်၁၆လုံးနှင့်လူထုအခြေပြု အဆောက်အဦ ၁လုံး ) ကို အောင်မြင်စွာ အကောင်အထည်ဖော် တည်ဆောက်ပြီးစီးခဲ့ပါသည်။ ဒေသခံကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းကာ ရနိုင်သမျှ ပြန်လည်အသုံးပြုနိုင်သော ပစ္စည်းများကို ပြန်လည်အသုံးပြုသည့် စရိတ်သက်သာပြီး ခိုင်ခံ့သောနည်းလမ်းကို အသုံးပြုထားခြင်းကြောင့် မိသားစုများအတွက် ၁၀ နှစ်မှ ၁၅ နှစ်အထိ ရာသီဥတုဒဏ်ခံ အိမ်ရာများကို ပံ့ပိုးပေးနိုင်ခဲ့ပါသည်။ Swiss Support Association (SSA) ၏ ပံ့ပိုးမှုရန်ပုံငွေဖြင့် ဒေသခံအင်ဂျင်နီယာ ဦးလေးနိုင်နှင့် CVT တို့ ပူးပေါင်းပံ့ပိုးကာ ဆောင်ရွက်နေသည့် ဤလုပ်ငန်းစဉ်သည် အင်းဝလူထု၏ ရေရှည် ကြံ့ကြံ့ခံနိုင်ရည်စွမ်းအားကို မြှင့်တင်ပေးရုံသာမက ဘေးကင်းလုံခြုံသော ပြန်လည်ထူထောင်ရေးဆီသို့ အကောင်းဆုံး ဦးတည်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း မှတ်တမ်းတင်ပါသည်။

# သင်တန်းသားအသံ /လေ့ကျင့်ရေး ကုမ္ပဏီ အသံ

## သင်တန်းသားအသံ



**Mg Zin Min Phyo**
**Solar Installer**
**Radiant Rays Co., Ltd**

CVT မှ ဖွင့်လှစ်ခဲ့သော Solar installation and Maintenance သင်တန်းတွင် တက်ရောက်သင်ကြားခဲ့ခြင်းဟာ ကျွန်တော်ထင်ထားခဲ့သည်ထပ်ပို၍အတွေ့အကြုံပညာ နှင့် ဗဟုသုတများရရှိခဲ့ပါသည်။ လက်တွေ့ လုပ်ငန်းခွင် မှာ ကြုံလေ့ ကြုံထရှိသော ပြဿနာများ၊ အခက်အခဲများ၊ အန္တရာယ်များနှင့် ရင်ဆိုင်ဖြေရှင်းရန် နည်းနည်းများကို လက်တွေ့နှင်တကွသင်ကြားပေးခဲ့ပါသည်။ လုပ်ငန်းခွင်လူမှုဆက်ဆံရေး အပါအဝင်အခြား အဖွဲ့လိုက်လုပ်ဆောင်မှုများကို အကောင်းဆုံးနည်းလမ်းများဖြင့် အတန်းဖော်များနဲ့အတူတကွ နမူနာ ပြဿနာများဖြေရှင်းစေပြီးသင်ကြားပေးခဲ့ပါတယ်။ ၎င်းအလေ့အကျင့်ကောင်းများသည်ကျွန်တော်တို့၏ လုပ်ငန်းခွင် အခက်အခဲအလွန်နည်းပါးစွာ ဖြတ်သန်းနိုင်ရန်အထောက်အပံ့ကောင်းများရခဲ့ပါသည်။ CVT မှ စေတနာအရင်းခံသင်ကြားပေးခဲ့သောဆရာဆရာမများ၊ အောင်မြင်မှုလမ်းကြောင်းအပေါ်လမ်းညွှန်ပေးနေသူများ ၊ ပေးခဲ့သူများနှင့် CVT နှင့်စတင်မိတ်ဆက်ပေးခဲ့သူများအားလုံးကို ကျေးဇူးအထူးတင်လျှက်ရှိပါသည်။

## လေ့ကျင့်ရေးကုမ္ပဏီအသံ

CVT ၏ Work-Based Learning (WBL) Program ကို အောင်မြင်စွာ ပြီးမြောက်ခဲ့သော Solar Installation သင်တန်းသား (၃) ဦးသည် လက်ရှိတွင် Solar Installation လုပ်ငန်းများ၌ တာဝန်ယူဆောင်ရွက် လျက်ရှိကြပါသည်။ အဆိုပါ သင်တန်းသားများသည် CVT မှ ပေးအပ်သည့် လက်တွေ့အခြေပြု သင်ကြားမှုစနစ်အရ နည်းပညာအခြေခံများ၊ လုပ်ငန်းခွင် စည်းကမ်းလိုက်နာမှုနှင့် Safety Awareness များကို ပြည့်စုံစွာ ရရှိထားသူများ ဖြစ်ကြပါသည်။



**U Than Zaw (Danny)**
**Technical Director**
**Head of Engineering Department**
**Radiant Rays Company Limited**

လက်တွေ့လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရာ၌ ထိုသင်တန်းသားများသည် တာဝန်ယူမှုမြင့်မားခြင်း၊ Teamwork ကောင်းမွန်ခြင်းနှင့် Supervisor များ၏ ညွှန်ကြားချက်များကို တိကျစွာ လိုက်နာနိုင်ခြင်းတို့ကို ထင်ရှားစွာ ပြသနိုင်ခဲ့ကြပါသည်။ လုပ်ငန်းခွင်အတွင်း ကြုံတွေ့ရသော အခြေအနေများကိုလည်း နည်းပညာအမြင်ဖြင့် စနစ်တကျဖြေရှင်းနိုင်ကြောင်းကို လက်တွေ့အားဖြင့် တွေ့မြင်ရပါသည်။

ထိုသို့သော စွမ်းဆောင်ရည်များသည် CVT ၏ Work-Based Learning (WBL) Program မှ လက်တွေ့လုပ်ငန်းခွင်အတွက် အသုံးချနိုင်သည့် အရည်အသွေးမြင့် နည်းပညာဝန်ထမ်းများကို မွေးထုတ်ပေးနိုင်ကြောင်းကို ထင်ရှားစွာ ပြသနေပါသည်။ ထို့ကြောင့် အဆိုပါ Solar Installation သင်တန်းသားများအား အနာဂတ် Solar Energy နှင့် Electrical Installation လုပ်ငန်းများတွင် ယုံကြည်စိတ်ချစွာ တာဝန်ပေးအပ်နိုင်သော Professional ဝန်ထမ်းများအဖြစ် ဤစာဖြင့် တရားဝင် အထူးအကြံပြုအပ်ပါသည်။

ဤစာပါ အကြောင်းအရာများသည် Radiant Rays Company Limited ၏ လက်တွေ့လုပ်ငန်းအတွေ့အကြုံများအပေါ် အခြေခံ၍ တရားဝင် ထုတ်ပြန်အပ်ပါသည်။

# သင်တန်းဆိုင်ရာသတင်းအချက်အလက်

### Training Data 2023, 2024 and 2025





CVT

Center for Vocational Training

အသက်မွေးမှုအတတ်ပညာသင်တန်းကျောင်း

# OPEN ADMISSION FOR 2026

**CRAFTING EXCELLENCE: SWISS QUALITY TRAINING**

## ဘာသာစကားသင်တန်း

- ဂျာမန်ဘာသာစကားသင်တန်း

## စီးပွားရေးဆိုင်ရာသင်တန်း

- လုငယ် စီးပွားရေး စွန့်ဦးတီထွင် သင်တန်း

## အထူးလေ့ကျင့်ရေးသင်တန်း

- သက်ကြီးရွယ်အိုစောင့်ရှောက်ရေးသင်တန်း
- သင်ကြားရေးမွမ်းမံသင်တန်း
- မြေလျင်နောက်ဆက်တွဲ ပြန်လည်ထူထောင်ရေး ဆိုင်ရာ ဆရာဖြစ်သင်တန်း

## သက်မွေးသင်တန်းများ

- လျှပ်စစ်ကျွမ်းကျင်မှု အတတ်ပညာသင်တန်း
- ပရိဘောဂ ပစ္စည်း ထုတ်လုပ်မှု အတတ်ပညာသင်တန်း
- မော်တာစက်ချုပ်သင်တန်း
- ဆိုလာတပ်ဆင်ခြင်းနှင့် ထိန်းသိမ်းခြင်းသင်တန်း
- အဆောက်အအုံ ပြုပြင်ထိန်းသိမ်းရေးကျွမ်းကျင်သင်တန်း
- ဝရိန်ကျွမ်းကျင်သင်တန်း
- အစားအသောက်တည်ခင်းမှု ကျွမ်းကျင်သင်တန်း
- စီးပွားရေးအထောက်အကူပြုသင်တန်း
- လက်လီအရောင်းသင်တန်း
- ဖောက်သည်ဝန်ဆောင်မှုသင်တန်း

## MORE INFORMATION :

09 250 640 608, 09 443 166 206

CVTMYANMAR.COM

NO-151,#02-01, TECH PARK, YAW GI KYAUNG STREET, HLAING TOWNSHIP, YANGON

**SCHOLARSHIPS ARE AVAILABLE TO ALL THE STUDENTS**

CVT FACEBOOK

CVT WEBSITE

CVT YOUTUBE